# Mountain View သတင်းလွှာ
# 2019 ခုနှစ်၊ အောက်တိုဘာလ 2 ရက်

**သောကြာနေ့၊ အောက်တိုဘာလ 11 ရက်...... မိဘများ**
**နှင့် ပက်စထရီမုန့်/ကျောင်း အသိုင်းအဝိုင်း ကောင်စီ၊ ညနေ 8:30 နာရီ၊ CLC**
**ကြာသပတေးနေ့၊ အောက်တိုဘာလ 17 ရက်...... ကျောင်းပိတ်သည်၊ နွေရာသီအားလပ်ရက်**
**သောကြာနေ့၊ အောက်တိုဘာလ 18 ရက်...... ကျောင်းပိတ်သည်၊ နွေရာသီအားလပ်ရက်**
**တနင်္လာနေ့၊ အောက်တိုဘာလ 21 ရက်...... ကျောင်းပိတ်သည်၊ နွေရာသီအားလပ်ရက်**

**ကျောင်းအုပ်ကြီး၏ အမှာစကား**

Mountain View အခြေခံမူလတန်းကျောင်းနဲ့ အချိန်ကြာ စီးပွားရေး လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သူ Williams ကုမ္ပဏီ ကို ကျွန်တော် ဒီသတင်းလွှာကို အသုံးပြုပြီး ဒီအခွင့်အခါနဲ့အတူ ကျေးဇူးတင်စကား ပြောလိုပါတယ်။ မကြာသေးခင်ကဘဲ ကျွန်တော်တို့ကျောင်းရဲ့ သင်ရိုးစာအုပ်အတွက်နဲ့ ကျောင်းသား တွေရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေါ်လာ $10,000 ကို သူတို့က ရက်ရက်ရောရော လှူဒါန်းခဲ့ပါတယ်။ Williams မှာရှိတဲ့ ဝန်ထမ်းတချို့နဲ့ သူတို့ရဲ့ ဇနီးသည်/ခင်ပွန်းသည်တွေလည်းဘဲ Mountain View မှာ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြပါတယ်။ သူတို့တွေကို ကျွန်တော်တို့ ကျေးဇူးတင်သလို Mountain View ရဲ့ သူရဲကောင်းတွေလို့လည်း ကြေငြာပြောလိုပါတယ်။ Williams ကုမ္ပဏီ ခင်ဗျား၊ သင့်ရဲ့ စေတနာဖြင့်နဲ့ပေးခဲ့တဲ့အချိန်တွေနဲ့ အင်အားတွေအတွက် ကျေးဇူးတင် ပါတယ် ခင်ဗျား။

Mountain View ရဲ့ နောက်သူရဲကောင်းတစ်ဦးနဲ့လည်း မကြာသေးခင်ကဘဲ ကျွန်တော် တွေ့ဆုံခဲ့ပါတယ်၊ သူ့နာမည်ကတော့ Zeke ဖြစ်ပါတယ်။ အယင်နှစ်မှာ Zeke က ကျွန်တော်တို့ ကျောင်းကိုလာပြီးတော့ ကျွန်တော်တို့ရဲ့ Mountain View ပြိုင်စံရှားကို တကယ့်အကျိုးဖြစ်စေခဲ့တဲ့ ရန်ပုံငွေအလှူပွဲ တစ်ခု တင်ဆက်ပြုလုပ်ဆောင်ရွက်သွားပါတယ်၊ ဒီအတွက်ကြောင့်ဘဲ ကျွန်တော်တို့ဟာ တေးဂီတနဲ့ တယော အတန်းတွေကို စိတ်ဝင်စားတဲ့ ကျောင်းသူကျောင်းသားတွေ အတွက် ဆက်လက်ပြီး အခမဲ့ သင်ကြားပေးနိုင်ခဲ့တာပါ။ သူ့ရဲ့ တယောတင်ဆက်မှုဟာ မယုံနိုင်လောက်အောင် အံ့အားသင့်စရာ ဖြစ်ခဲ့ပါတယ်။ သူ့လို တယောထိုးတင်ဆက်ပြုလုပ်ခဲ့သူကို ကျွန်တော် တခါမှ မမြင်ဖူးခဲ့ဘူး။ အယင်နှစ်မှာ ကျွန်တော်တို့ရဲ့ တေးဂီတ အတန်းတွေအတွက်ဆို ပြီးတော့ သူဟာ ကိုယ်တိုင်ကိုယ်ကျ ငွေကြေး ပေးလှူခဲ့ပါတယ်။ သူဟာ တေးဂီတပညာအတွက် ဝါသနာ ကြီးသူဖြစ်ပြီး အခြားသူတွေကို ဂီတပညာ လေ့လာရန်မှာ ကူညီပံ့ပိုးမှုပြုလုပ်နိုင်ခဲ့တဲ့ အသက်ငယ်ရွယ်သူ ဆယ်ကျော်သက်တစ်ဦး ဖြစ်ပါတယ်။ အသုံးမပြုဘဲ အကြာကြီးပစ်ထားတဲ့ တယော အများကြီးကို တလောက

သူ တွေ့ရှိခဲ့တယ်။  အဲဒီ တယောတွေကို ပြုပြင်ဖို့အတွက် Zeke က ငွေရှာပြီး ကျွန်တော်တို့ရဲ့ Mountain View ကျောင်းသူကျောင်းသားတွေ အသုံးပြုဖို့ဆိုပြီးတော့ သူ ဒီကို ယူလာပေးခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ကျောင်းသူကျောင်းသားတွေနဲ့ ကျွန်တော်တို့ ကျောင်းအတွက် သူ့ရဲ့ထားရှိတဲ့ စေတနာမေတ္တာနဲ့ စိုးရိမ်ကြောင့်ကြမှုအဆင့်ကို ကျွန်တော် အံ့ဩ လေးစားမိပါတယ်။  Zeke ခင်ဗျား၊ သင်ဟာ Mountain View ရဲ့ သူရဲကောင်းတစ်ဦးပါ။

Mountain View အတွက် ပိုမိုကောင်းလာအောင် ကြီးတဲ့အရာဖြစ်ဖြစ်၊ ငယ်တဲ့အရာဘဲဖြစ်ဖြစ် တစ်စုံတစ်ရာကို ပြုလုပ်ပေးခဲ့တဲ့ သူ ဒါမှမဟုတ် သင့်ကို စိတ်ဓါတ်နိုးကြွတက်ကြွစေသူ သူရဲကောင်း တစ်ဦးဦးကို သင်သိခဲ့လျှင်လည်း ကျွန်တော်တို့အတူတကွ ချီးကျူးဂုဏ်ပြုသွားနိုင်အောင် အဲဒီအကြောင်းတွေ ကျွန်တော့်ကို ကျေးဇူးပြုပြီးတော့ မျှဝေပြောပြပါ။

## ကျောင်းချိန် မတိုင်မီ နှင့် ကျောင်းချိန်ပြီးနောက် များတွင် ယာဉ်ရပ်စခန်းသို့ ဝင်ပေါက်အား ပိတ်ထားခြင်း

ကျောင်းသူကျောင်းသားများ ကျောင်းသို့ ဘေးကင်းလုံခြုံစွာ ရောက်ရှိခြင်း နှင့် ထွက်ခွာခြင်းကို ကျွန်ုပ်တို့ ဆက်လက်ကြိုးပမ်းနေသောကြောင့် ကျွန်ုပ်တို့၏ ယာဉ်ရပ်စခန်းထဲသို့ အဓိကဝင်ပေါက်ကို ကျွန်ုပ်တို့ ပိတ်ထားလိုက်ပါက ယာဉ်ဆိုင်ပိတ်မှုလျော့နည်းသွားမည်ဖြစ်ကြောင်း နှင့် ကျွန်ုပ်တို့၏ ကျောင်းသူကျောင်းသားများအတွက် အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာခွင့်ပေးမည် ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ရှိခဲ့ပါသည်။

ကျောင်းသူကျောင်းသားများကို မော်တော်ယာဉ်အားဖြင့် သင် အကြို သို့မဟုတ် အပို့ လုပ်ပါက ကျေးဇူးပြု၍ ကျောင်း၏အရှေ့ဘက်ဝင်ပေါက်ကို အသုံးပြုပြီး ညာဘက်တွင် ဆင်းစေကာ ဗယ်ဘက်တွင် ဖြတ်ကူးစေပါ။  ကလေးများကို ကျောင်းအတွင်းသို့ ပို့ဆောင်ရန်အတွက် အနီးရောင်ဖုံ ယာဉ်ရပ်နားရာနေရာ အသုံးပြုခြင်းများကို ကျေးဇူးပြု၍ ရှောင်ရှားပါ။  ထို့အပြင် အဓိက ယာဉ်ရပ်စခန်းတွင် ယာဉ်ဆိုပိတ်မှုလျော့နည်းရန်အတွက် ကျောင်း၏ အနောက်ဘက်တွင် အကြို/အပို့ ဖုံနေရာကို ကျွန်ုပ်တို့ ပြုလုပ်ပေးထားသည်ကိုလည်း ကျေးဇူးပြု၍ သတိရပါ။  ဤသည်မှာ ထူးကဲသော အခြားရွေးချယ်စရာနည်းလမ်း တစ်ခုဖြစ်ပါသည်။

မည်သည့် ကျောင်းခရိုင် ဝန်ထမ်း သို့ မဟုတ် ကျောင်းသား များသည် ဝန်ထမ်း သို့ မဟုတ် ကျောင်းခရိုင် မှ မည်သည့် အစီအစဉ် ကို မဆို သို့ မဟုတ် တက်ကြွ လှုပ် ရှား မှု များ တွင် အသက် ၊ အသားအရောင် ၊ မစွမ်းမသန် ဖြစ်မှု ၊ လိင် ၊ မည် သည့် လိင် ဖြစ် ကြောင်း ညွှန်းဆိုမှု ၊ မျိုးဗီဇ ဆိုင်ရာ သတင်း အချက် အလက် အရ ၊ မူလ နိုင်ငံ သား ဆိုင်ရာ ၊ ပဋိသန္ဓေ ရှိ မှု ၊ လူမျိုး ၊ ဘာသာ ၊ လိင်ပိုင်း ဆိုင်ရာ တိမ်းညွတ် မှု ၊ သို့ မဟုတ် စစ်ဘက် ဆိုင်ရာ တွင် တာဝန်ထမ်းဆောင် ခဲ့ ခြင်း အတွက် ရာ ထူး အဆင့် အတန်း တို့ ကို ရည် ရွယ် ပြီး ခွဲ ခြား ဆက်ဆံ မှု မပြု ရ ပါ။ ကျောင်းခရိုင်သည် ချမှတ် ထား သည့် အစီအစဉ် များ တွင် ၊ ဝန်ဆောင် မှု နှင့် မူဝါဒ အရ ဝန်ထမ်းများ ဆိုင်ရာ ၊ စာေဒက တက်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ် ၊ အစီအစဉ် များ ကို အသုံးပြု နိုင်မှု ၊ ကျောင်းခရိုင် ၏ ပိုင်ဆိုင်မှု များ ကို အသုံးပြု မှု ၊ ကျောင်းခန်း စသည် တို့ တွင်  အားလုံး သာတူ ညီမျှ ပါဝင် ဆောင်ရွက် နိုင်ရန်  နှင့်  ဝန်ထမ်း များ သာတူ ညီမျှ ဖြစ်ခြင်း ဆိုင်ရာ အခွင့် အလမ်း ကို ချမှတ်ထားသည်။  ကျောင်းခရိုင်သည် အမေရိကန် ပြည်ထောင်စု ၏ ခေါင်းစဉ် ၃၆ အရ ကျောင်းခရိုင် ၏ အဆောက်အဦ များ ကို ငယ်ရွယ် သူများ အုပ်စု နှင့် အားလုံး ကို တူညီမျှတ စွာ အသုံးပြု ခွင့် ပေးထား ပါသည်။  အောက်ဖော်ပြ ပါ ပုဂ္ဂိုလ်သည် ဥပဒေ မဲ့စွာ ခွဲခြား ဆက်ဆံ ခံရမှု ၊ နှောင့်ယှက်ခံရခြင်း ၊ လက်တုံ့ ပြန်ခြင်း တို့ တွင် စာေဒက တက်ခြင်း အတွက် ဆောင်ရွက် ပေး မည့် သူ ဖြစ်သည်။ (Tina Hatch၊ တိုင်တမ်းလွှာ စုံစမ်းစစ်ဆေးရေးဌာန၊   း ၊ 440 East 100 South, Salt Lake City, Utah 84111, (801) 578-8388. (၈၀၁) ၅၇၈ - ၈၂၅၁  သင်သည် ကော်လိုရာ ဒို ပြည်နယ် ၊ဒင်ဗာ  မြို့ မှာ ပြည်သူ့ အခွင့် အရေး ရုံး ကို လည်း ဆက်သွယ် နိုင်သည်။ ဖုံးနံပါတ် (303) 844-5695. (၃၀၃) ၈၄၄ ၅၆၉၅